**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

---

ရက်စွဲ။ ။ ဩဂုတ်လ၊ (၁၂) ရက်၊ ၂၀၂၂ ခုနှစ်။

# ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ (၇၂)နှစ်ပြည့် ကရင်အမျိုးသား အာဇာနည်နေ့တွင် ပြောကြားသောမိန့်ခွန်း

**ကရင့်အမျိုးသားများနှင့် မျိုးချစ် တော်လှန်ရေးသမား အပေါင်းတို့၊**

ယနေ့ ၂၀၂၂ ခုနှစ် ဩဂုတ်လ (၁၂)ရက်နေ့သည် (၇၂)နှစ်မြောက် ကရင့်အမျိုးသားလုံးဆိုင်ရာ ကရင့်အာဇာနည်နေ့ ဖြစ်ပါသည်။ ယနေ့သည် ကျဆုံးလေပြီးဖြစ်သော ကော်ခိုု စောဘဦးကြီးနှင့်တ**ကွ** ကရင့်အမျိုးသား ခေါင်ဆောင်များ၊ မျိုးချစ် စစ်သည်တော်များနှင့် ကရင့်အမျိုးသား အာဇာနည် **အား**လုံးကို အောက်မေ့လျှက် **အ**မှတ်**တ**ရ ဂုဏ်ပြုသော နေ့တနေ့ ဖြစ်ပါသည်။ ယနေ့သည် ကျဆုံးလေပြီးသော မိမိတို့ ကရင့်အမျိုးသား အာဇာနည်များကို သတိရအောက်မေ့ပြီး ဂုဏ်ပြုသကဲ့သို့ မိမိတို့ အမျိုးသားအာဇာနည်များ နှင့် သက်ဆိုင်နေကြသည့် မိသားစုများနှင့် မိဘဆွေမျိုးအားလုံးကို ဆုတောင်းမေတ္တာ ပို့သသော နေ့လည်း ဖြစ်ပါသည်။ ကရင့်အမျိုးသား အာဇာနည်နေ့သည် မိမိတို့ ကရင့်အမျိုးသားများအနေဖြင့် ဂမ်းနည်းကျေကွဲဖွယ်ရာ နေ့တစ်နေ့ ဖြစ်သကဲ့သို့ ဂုဏ်ယူဂမ်းမြောက်စရာ နေ့တစ်နေ့လည်း ဖြစ်ပါသည်။

**ကရင့်အမျိုးသားများနှင့် မျိုးချစ် တော်လှန်ရေးသမား အပေါင်းတို့၊**

လူမျိုးတိုင်းနှင့် နိုင်ငံတိုင်းသည် မျိုးချစ်များနှင့် မိမိတို့၏နိုင်ငံကို ချစ်မြတ်နိုးပြီး ပေးဆပ်ခဲ့ကြသော အာဇာနည်များ ရှိပါသည်။ ထိုအာဇာနည်များသည် လူမျိုးတစ်မျိုးနှင့် နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည် ရပ်တည်နိုင်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော သားကောင်း ရတနာများဖြစ်ပါသည်။ အာဇာနည် မရှိပါက လွတ်မြောက်မှုနှင့် လွတ်လပ်မှုသည်လည်း မရှိနိုင်ပါ။ မိမိတို့ ကရင့်အမျိုးသားများနှင့် မိမိတို့ အမျိုးသားတော်လှန်ရေးကြီး ယနေ့ထက် ထိတိုင်ရှင်သန်ရပ်တည်နိုင်ခြင်းသည် မိမိတို့ ကရင့်အမျိုးသားအတွက် အသက်သွေး ချွေးများကို ပေးဆပ်နေကြသော ကရင့်အမျိုးသားအာဇာနည်များ ရှိနေကြသောကြောင့်သာ ဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိတို့ ကရင့်အမျိုးသားလုံးဆိုင်ရာ ကရင့်အာဇာနည်နေ့သည် မိမိတို့ကရင့်အမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် သတိရပြီး အစဉ်ထာဂရ ဂုဏ်ပြုကြရမည် ဖြစ်ပါသည်။

မိမိတို့ ကရင် အမျိုးသားများသည် လူမျိုး တစ်မျိုး၏ ဂိသေသ လက္ခဏာရပ်များ ဖြစ်သည့် သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ထုံးတမ်းစဉ်လာများဖြင့် ပြီးပြည့်စုံသည့် လူမျိုးတစ်မျိုးဖြစ်ပါသည်။ သို့ရာတွင်၊ မိမိတို့ အမျိုးသား၏ ဂုဏ်အင်္ဂါရပ်များနှင့် အမျိုးသားရေး လက္ခဏာရပ်များကို ဥပဒေနှင့်အညီ ထိမ်းသိမ်းမြှင့်တင်နိုင်ရန် အာမခံချက် ပေးနိုင်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေများ ကင်းမဲ့နေသောကြောင့် မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များဖြင့် ဂုဏ်ယူဂင့်ကြွားစွာ တင့်တင့်တယ်တယ်၊ လွတ်လွတ်လပ်လပ် နှင့် တန်းတူရည်တူအပြင် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြရပြီး နိုင်ငံရေးရည်မှန်းချက်ဖြင့် လက်နက်ကိုင်

ခုခံတော်လှန်ရေးကြီးကို နှစ်ပေါင်းများစွာ ဆင်နွှဲခဲ့ကြရသည့် အဆင့်အထိ ရောက်ခဲ့ကြရပါသည်။ ခုခံတော်လှန်ရေး စတင်ခဲ့သည့် အချိန်မှစ၍ မရေမတွက်နိုင်သော မိမိတို့ ကရင့်အမျိုးသားခေါင်းဆောင်များ၊ မျိုးချစ် စစ်သည်တော်များနှင့် ပြည်သူလူထုကြီး၏ ကိုယ်လက်အင်္ဂါများနှင့် အသက်သွေးချွေးများကို ပေးဆပ်ခဲ့ကြရပါသည်။ အမှန်စင်စစ်၊ ထိုအာဏာနည်းများ၏ စွန့်လွှတ်စွန့်စားမှုများသည် မိမိတို့ကရင့်အမျိုးသားများအနေဖြင့် လူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါရပ် အပြည့်ဖြင့် ရှင်သန်လျှက်ရှိပြီး ဖွံ့ဖြိုးတိုးတက်သော သက်တာကို ရရှိပိုင်ဆိုင်နိုင်ရေးအတွက်သာ ဖြစ်ပါသည်။

ယခုလက်ရှိ အချိန်ကာလသည် ကရင့်အာဇာနည်များ၏ ယုံကြည်ချက်ဖြင့် စွန့်လွှတ်ပေးဆပ်မှုများ၊ မိမိတို့ ကရင့်အမျိုးသားများ၏ မျှော်မှန်းချက်များ ပြီးမြောက်အောင်မြင်ရေးနှင့် မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံးမှ ချမှတ်ထားသော နိုင်ငံရေးရည်မှန်းချက်သည်လည်း ပြီးပြည့်စုံခြင်း မရှိသေးပေ။ ထို့ကြောင့်၊ သက်ရှိထင်ရှားလျှက်ရှိနေကြသော မိမိတို့ အနေဖြင့် ကြိုးပမ်းအားထုတ်ကြရမည့် တာဝန်ရှိပါသည်။ ယနေ့ ကျရောက်သော အာဇာနည်နေ့တွင် မိမိတို့အနေဖြင့် ရောက်ရှိရာ အရပ်ဒေသ အသီးသီးတွင်ဖြစ်စေ၊ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်စုရုံးကြသည်ဖြစ်စေ ကရင့် အာဇာနည်များ၏ ယုံကြည်ချက်ဖြင့် စွန့်လွှတ်ပေးဆပ်မှုများ၏ အဓိပ္ပါယ်ကို ပြီးမြောက်အောင်မြင်စေမည့် သန္နိဋ္ဌာန်များ ချမှတ်လုပ်ဆောင်ရန် အထူးလိုအပ်ပါသည်။

ကရင့် အာဇာနည်များ၏ မျှော်မှန်းချက်ဖြင့် စွန့်လွှတ်ပေးဆပ်မှုများအား ပြီးမြောက် အောင်မြင် စေရန်နှင့် မိမိတို့ ကရင့်အမျိုးသားများ၏ မျှော်မှန်းချက်ပန်းတိုင်အား အမှန်တကယ် ပြီးပြည့်စုံနိုင်ရန်အတွက် သက်ရှိထင်ရှားလျှက်ရှိသော မိမိတို့ အမျိုးသားများ အနေဖြင့် စုစုစည်းစည်း၊ ညီညီညွတ်ညွတ်ဖြင့် မိမိတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးဖြစ်စဉ်များကို အဘက်ဘက်မှ သုံးသပ်လျှက် မိမိတို့၏လုပ်ငန်းလမ်းစဉ်အတိုင်း အစဉ်တစိုက် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ပါသည်။ ထိုနည်းတူစွာပင်၊ မိမိတို့ အမျိုးသားများ၏ တွေးခေါ် မျှော်မြင်မှုများကို တစ်စည်းတစ်လုံးတည်း တည်ဆောက်ပြီး လုပ်ငန်းစဉ်များကိုလည်း လက်တွေ့လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

**ကရင့်အမျိုးသားများနှင့် မျိုးချစ် တော်လှန်ရေးသမား အပေါင်းတို့၊**

မိမိတို့ အမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များ အခွင့်ရှည်လျှက် ရှင်သန်နိုင်ရေးကို ဖျက်ဆီးနေသော လူမျိုးကြီးဝါဒနှင့် ရင်ဆိုင်နေရပြီး မိမိတို့ အမျိုးသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းအမျိုးမျိုးဖြင့် နောက်ရှက်စော်ကားလျှက်ရှိသော အာဏာရှင် စနစ်သည် လူမျိုးကြီးဝါဒီများနှင့် စစ်အာဏာရှင် အုပ်စုများပင် ဖြစ်ပါသည်။ မိမိတို့ အမျိုးသားများ အနေဖြင့် လူမျိုးတစ်မျိုးကဲ့သို့ ရှင်သန်ရပ်တည်ပြီး လူမှုဘဝ ရှင်သန်တိုးတက်ရေးအတွက် ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး အနေဖြင့် မိမိတို့ နိုင်ငံအား ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ အခြေခံမူပေါ်တွင် တည်ဆောက်နိုင်ရန် ကြိုးစားအားထုတ်လျှက်ရှိပါသည်။ ထိုသို့ တည်ဆောက်နိုင်ရေးအတွက် မိမိတို့ ကရင့်အမျိုးသားခေါင်းဆောင် ကော်ခိ စောဘဦးကြီး သက်ရှိထင်ရှားရှိစဉ် အချိန်ကာလ ကတည်းကပင် နိုင်ငံရေး နည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ သို့ရာတွင်၊ နောက်ဆုံး၌ ကရင့် အမျိုးသားများ၏ နိုင်ငံရေး ရပ်တည်ချက်အား ကာကွယ်နိုင်ရန်နှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရပိုင်ခွင့်များအတွက်  နိုင်ငံရေးရည်မှန်းချက်ဖြင့် လက်နက်ကိုင် ခုခံတော်လှန်ရေး လမ်းစဉ်ကို ရွေးချယ်ခဲ့ရပါသည်။

ခုခံတော်လှန်ရေး တလျှောက်တွင် ကရင့်အမျိုးသား အစည်းအရုံးမှ လက်နက်ကိုင် ပဋိပက္ခ၏ အရင်းခံဖြစ်သော နိုင်ငံရေး ပြဿနာ များကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် တစိုက်မတ်မတ် တောင်းဆိုခဲ့ ကြပါသည်။ သို့ရာတွင်၊ လူမျိုးကြီးဝါဒကို စွဲကိုင်လျှက်ရှိသော အုပ်ချုပ်သူအစိုးရများနှင့် စစ်အုပ်ချုပ်ရေး စနစ်များက နိုင်ငံရေးအရ နည်းမှန်လမ်းမှန် ကြိုးပမ်းအား ထုတ်မှုများ မရှိခဲ့ပေ။ ထို့အပြင်၊ လက်နက်ဖြင့် အကြမ်းဖက်သည့် နည်းလမ်းများကိုသာ ထာဝစဉ် ရွေးချယ်ခဲ့ကြပါသည်။

၂၀၂၁ ဖေဖေါ်ဝါရီလ (၁) ရက်နေ့မှစ၍ မြန်မာ စစ်တပ်မှ အာဏာ သိမ်းယူခဲ့ပြီး ယခု လက်ရှိ အချိန်တွင် နိုင်ငံရေး ပြဿနာ ဖြေရှင်းရေး၊ ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ နိုင်ငံအား ဖက်ဒရယ် ဒီမိုကရေစီ အခြေခံမူပေါ်တွင် တည်ဆောက်နိုင်ရေးအတွက် စိတ်ဆန္ဒ လုံးဝ မရှိသည်ကို ပေါ်လွှင်ထင်ရှားစေပါသည်။ နိုင်ငံ၏ ကံကြမ္မာသည် မြန်မာစစ်တပ်၏ လက်ဝယ်၌သာ ရှိကြောင်းကို ထင်ထင်ရှားရှား ပြသနေပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုနှင့် လူမျိုးတိုင်းသည် စစ်အားဏာရှင်အုပ်စု၏ သဘော

ထားနှင့် အကြမ်းဖက်မှုများကို မျက်ဝါးထင်ထင် သိရှိနားလည်လာကြပါပြီ။ ထို့ကြောင့်၊ ပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် စစ်အုပ်စုအား မည်ကဲ့သို့ ခုခံတွန်းလှန်ကြမည်ကို ရွေးချယ်ကြရမည် ဖြစ်ပါသည်။

ယခု လက်ရှိအချိန်တွင် အာစီယံနိုင်ငံများအပြင် ကုလသမဂ္ဂနှင့်ကမ္ဘာ့နိုင်ငံများက စစ်အုပ်စုအား ပြည်တွင်းပြဿနာများကို ငြိမ်းချမ်းသော နည်းလမ်းများဖြင့် အဖြေရှာရန် တိုက်တွန်းနေကြသော်လည်း စစ်အုပ်စုမှ လိုက်နာလုပ်ဆောင်မှုများ မရှိသည့်အပြင် တိုင်းရင်းသားပြည်သူလူထုနှင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်နေကြသော ပြည်သူလူထု နှင့် အစုအဖွဲ့များအား စစ်ရေးနှင့် အကြမ်းဖက်သော နည်းလမ်းများဖြင့် စစ်အုပ်စု၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အမြင်ဖြင့်သာ လုပ်ဆောင်နေကြပါသည်။

**ကရင့်အမျိုးသားများနှင့် မျိုးချစ် တော်လှန်ရေးသမား အပေါင်းတို့၊**

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ နိုင်ငံရေးဆိုင်ရာ သဘောထား ရပ်တည်ချက်သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင်၊ နိုင်ငံ၏ အာဏာကို တရားမဝင် သိမ်းယူထားသော စစ်အုပ်စု၏ သဘောထားရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များသည် လက်နက်ကိုင်ခုခံတော်လှန်မှုများကို တရားမျှတစွာ တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေး ပြဿနာများကို အဖြေရှာလိုသည့် အရိပ်အရောင် တစုံတရာကိုမျှ မတွေ့ရှိရသေးပေ။ ယခုလက်ရှိ အခြေအနေတွင် ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး အနေဖြင့် လက်နက်ကိုင် ခုခံတော်လှန်နေရသည့် အချိန်အခါဖြစ်သော ရှိနေသေးသဖြင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေး၊ သံတမန်ရေးနှင့် လူမှုရေးဆိုင်ရာ နည်းလမ်းပေါင်းစုံဖြင့် အဖြေရှာရမည် ဖြစ်ပါသည်။

**ကရင့်အမျိုးသားများနှင့် မျိုးချစ် တော်လှန်ရေးသမား အပေါင်းတို့၊**

မိမိတို့ အမျိုးသားများ အခွင့်ရှည်လျှက် ရှင်သန်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် မိမိတို့၏နိုင်ငံသည် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံသာ ဖြစ်ရပါမည်။ ထိုနည်းတူ၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးရရှိရန် ဖက်ဒရယ် အခြေခံမှုပေါ်တွင် တည်ဆောက်ပြီး ပြည်သူလူထုတစ်ရပ်လုံးအတွက် ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝ ရရှိရန် လိုအပ်ပါသည်။ ထိုကဲ့သို့သော အခွင့်အရေးများ ရရှိရန် လူမျိုးကြီး ဝါဒနှင့် အာဏာရှင်စနစ်ကို အဆုံးသတ်ရပါမည်။ မိမိတို့ ကရင့်အမျိုးသား အာဇာနည်များ၏ ယုံကြည်ချက်ဖြင့် စွန့်လွှတ်ပေးဆပ်မှု များ၏ အဓိပ္ပါယ်များကို ပြီးမြောက်အောင်မြင်စေရန်နှင့် မိမိတို့အမျိုးသားများအပြင် လူမျိုးပေါင်းစုံနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အနာဂါတ် ငြိမ်းချမ်းရေးအတွက် အာဏာရှင် စနစ်နှင့် လူမျိုးကြီး ဝါဒကို အဆုံးသတ်ရပါမည်။

အာဏာရှင် စနစ်နှင့် လူမျိုးကြီးဝါဒကို အဆုံးသတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံအဖြစ် တည်ထောင်နိုင်ရေး၊ ကရင့်အမျိုးသားများ၏နိုင်ငံရေးရည်မှန်းချက်နှင့် မျိုးချစ်ကရင့်အမျိုးသား အာဇာနည်များ၏ အသက်သွေးချွေးများ အလဟဿ မဖြစ်စေရေးအတွက် ယနေ့ **ကရင့်အမျိုးသားလုံးဆိုင်ရာ ကရင့် အာဇာနည်နေ့** တွင် ကရင့်အာဇာနည်များ ဖြစ်ကြသော မျိုးချစ်ခေါင်းဆောင်များ၊ စစ်သည်တော်များနှင့် ပြည်သူလူထု တစ်ရပ်လုံးအား အမှတ်တရအောက်မေ့ဂုဏ်ပြုလျှက် မိမိတို့ အမျိုးသားများ၏ စည်းလုံးညီညွတ်ရေးအတွက် အလေးအနက်ထား လုပ်ဆောင်ကြပြီး အာဇာနည်များ၏အသက်၊ သွေးချွေးများနှင့် ယုံကြည်ချက်ဖြင့် စွန့်လွှတ်ပေးဆပ်မှုများအတွက် ပြန်လည်ရွေးနုတ်နိုင်ကြရန် ဆုတောင်းမေတ္တာပို့လျှက် တိုက်တွန်းလိုပါသည်။ ကရင့်အမျိုးသားများအနေဖြင့် မိမိတို့ ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်စေပြီး မိမိတို့ ကရင့်အမျိုးသားများ၏ ဖြစ်တည်မှုနှင့် လူမျိုးကြီး တစ်ရပ်အဖြစ် မိမိတို့ အမျိုးသားများ၏ အနာဂါတ် အခွန့်ရှည်စေရေးနှင့် မိမိတို့ အမျိုးသားများ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

**ဥက္ကဌ**
**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**